INFINITE MYANMA METTA FOUNDATION

# အနန္တမြန်မာ့မေတ္တာ ဖောင်ဒေးရှင်း

## နှစ်ပတ်လည် အစီရင်ခံစာ

## (၂၀၁၃ ခုနှစ်)

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ရက်။

မန္တလေးမြို့။

# မာတိကာ


| | |
|---|---|
| ၁။ နောက်ခံသမိုင်းအကျဉ်း | စာမျက်နှာ ( ၁ ) |
| ၂။ အသင်း၏ရည်ရွယ်ချက်နှင့်တာဝန်များ | စာမျက်နှာ ( ၂ ) |
| ၃။ လုပ်ငန်းကော်မတီများ | စာမျက်နှာ ( ၃ ) |
| ၄။ အသင်းအဖွဲ့တည်နေရာ | စာမျက်နှာ ( ၅ ) |
| ၅။ ဘဏ္ဍာရေးနှင့်ပြန်ကြားရေးလုပ်ငန်းများ | စာမျက်နှာ ( ၆ ) |
| ၆။ ၂၀၁၃ခုနှစ်အတွင်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများ | စာမျက်နှာ ( ၇ ) |
| ၇။ တွေ့ကြုံရသောအခက်အခဲများ | စာမျက်နှာ ( ၉ ) |
| ၈။ အကြံပြုတင်ပြချက်များ | စာမျက်နှာ ( ၉ ) |
| ၉။ နိဂုံး | စာမျက်နှာ (၁၁) |

၁၀။ နောက်ဆက်တွဲများ

–(က)ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းများ

–( ခ ) ပညာသင်ဆုရွေးချယ်ခြင်းအဆိုပြုပုံစံ

–( ဂ ) ဘဏ္ဍာရေးရှင်းတမ်းများ

–(ဃ)လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

## "ဆန္ဒမွန်"

၁၉၈၃–၁၉၉၃ မန္တလေးဆေးတက္ကသိုလ်ဝင် ဆရာဝန်များ၏ (၁၅)နှစ်မြောက် ပြန်လည်တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲမှ သန္ဓေတည်ခဲ့သော အနန္တမြိမ်မာ့မေတ္တာဖောင်ဒေးရှင်း ပရဟိတလူမှုရေး အဖွဲ့အစည်းကြီးသည် တရားဝင်အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လက်မှတ်ရရှိခဲ့ပြီးဖြစ်၍ နှစ်ပတ်လည်အစည်းအဝေးကြီးကို ၂၀၁၄ခုနှစ် နှစ်သစ်ကူးအခါသမယမှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပါပြီ။

မိမိတို့ဖောင်ဒေးရှင်းသည် တရားဝင်အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်မရရှိမီကပင် ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်များကို လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ တက်ကြွစွာဆောင်ရွက်ခဲ့ကြသည်မှာ ၁၉၈၃–၁၉၉၃ စိတ်ဓါတ်ရှင်သန်တည်တံ့နေဆဲဖြစ်ကြောင်း မည်သူမှငြင်းနိုင်မည်မဟုတ်ပါ။ဤစိတ်ဓါတ်ဖြင့် အင်တိုက် အားတိုက် ကာယအား၊ဉာဏအား၊ ဝိရိယအားတို့ဖြင့် ဆောင်ရွက်ခဲ့ကြသော သူငယ်ချင်းများနှင့် ကိုယ်တိုင် ကိုယ်ကျ ကာယအား၊ဝိရိယအားတို့ဖြင့် မဆောင်ရွက်နိုင်သော်လည်း အနီးအဝေးတို့မှ ဉာဏအားဖြင့် ကူညီပံ့ပိုးပေးကြသော သူငယ်ချင်းများတို့က ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ရှေ့သို့ရောက်ရှိစေရန် ဆောင်ရွက်ခဲ့သည်မှာ (၂)နှစ်ပင်ပြည့်ခဲ့ပြီဖြစ်ပါသည်။

ဤ(၂)နှစ်အတွင်းဆောင်ရွက်မှုများကိုလည်း ၁၉၈၃–၁၉၉၃ သူငယ်ချင်းများက မုဒိတာပွားနိုင်ရန်နှင့် ရှေ့ဆက်လက်တိုးတက်အောင်မြင်မှုအတွက် အကြံပြုနိုင်ရန် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားပေရာ ကျန်းမာရေးကဏ္ဍတွင် အသင်း၏ ရည်ရွယ်ချက်အားလုံးနီးပါး ဆောင်ရွက်နိုင်ခဲ့သော်လည်း ပညာရေးကဏ္ဍတွင် အချို့နှင့် လူမှုရေးကဏ္ဍတွင် အနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပေသည်။ အသင်းဖွဲ့စည်းစ (၂)နှစ်တာကာလအတွင်း ဤမျှဆောင်ရွက်နိုင်ခဲ့သည်ကိုပင် ဂုဏ်ယူရပေမည်။

ကဏ္ဍစုံတွင် ထိရောက်စွာ မဆောင်ရွက်နိုင်ရခြင်းကို လေ့လာဆန်းစစ်ကြည့်သည့်အခါတွင်လည်း သူငယ်ချင်းများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေသေးသည်ကို ရိုးသားစွာ ထုတ်ဖော်ဝန်ခံရပေလိမ့်မည်။မိမိတို့၏မိသားစုတာဝန်၊ အစိုးရလုပ်ငန်းတာဝန်များကြားမှ လူမှုရေးပရဟိတလုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ အခက်အခဲများကြောင့် ဖြစ်ကြောင်းကိုလည်း အသင်းဝင်တိုင်းက ကိုယ်ချင်းစာ နားလည်ပေးနိုင်ကြပါလိမ့်မည်။

ယခုအခါ အသင်းကိုယ်ပိုင် Facebook Page နှင့် ကိုယ်ပိုင် Website လွှင့်တင်နိုင်ခဲ့ပြီဖြစ်ပါ၍ ဉာဏအားဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်သော သူငယ်ချင်းများက မိမိတို့၏ အကြံကောင်း၊ ဉာဏ်ကောင်းများကို Web မှ တဆင့် တင်ပြအကြံပြုဆွေးနွေးနိုင်ပါကြောင်းနှင့် ဆွေးနွေးပါရန်လည်း တိုက်တွန်းအားပေးပါကြောင်း တင်ပြအပ်ပါသည်။

အသင်းကြီးကို ရေရှည်တည်တံ့အောင်မြင်ရဲ့သာမက အသင်းဝင်များနှင့် မိသားစုဝင်များ၏ အကျိုးကို ရည်ရွယ်၍ ပြည်တွင်း၊ပြည်ပရှိ နိုင်ငံတကာ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းလုပ်ဆောင်နိုင်ရန် အသင်းဝင်အားလုံးက ကြိုးပမ်းကူညီကြရန်လည်း တိုက်တွန်းအပ်ပါသည်။

နောင်လာမည့် နှစ်များအတွက် အသင်း၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရာတွင် ကဏ္ဍအလိုက်၊ နှစ်အလိုက်၊ နှစ်ရှည်/ နှစ်တို စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားရန်နှင့် အကောင်အထည်ဖော်နိုင်မှုကို ပြန်လည်ဆန်းစစ်ခြင်း ပြုလုပ်နိုင်ရန်အတွက် ယခုနှစ်ပတ်လည် အစည်းအဝေးတွင် တက်ရောက်လာသူများမှ အကြံပြု ဆွေးနွေးပေးကြရန်လည်း တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် သီတဂူဆရာတော်ကြီး၏ မိန့်စကားကို ကိုးကား၍ တင်ပြရလျှင် ဤဖောင်ဒေးရှင်းကြီးအား "တ" သုံးလုံးဖြင့် စဉ်ဆက်မပြတ်ရှင်သန်စေရန် (တည်ထောင်ပြီးရင်၊ တည်တံ့စေရမယ်၊ တိုးတက်အောင်လုပ်ရမယ်) တစ်ဦးကောင်း၊ တစ်ယောက်ကောင်းခြင်းဖြင့် ရနိုင်မည်မဟုတ်။ အသင်းဝင် သူငယ်ချင်းများအားလုံးက စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူ၊စေတနာတူဖြင့် တက်ကြွစွာဆောင်ရွက်သွားဖို့ အရေးကြီးပါကြောင်း အလေးအနက် တင်ပြလိုက်ရပေသည်။

အသင်းဝင်သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မိသားစုအကျိုးနှင့် နိုင်ငံ့အကျိုး ဆထက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေ။

ကျော်စိုးဝင်း
၁၁.၁.၂၀၁၄

# အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း

## နောက်ခံသမိုင်းအကျဉ်း

၁၉၈၃–၁၉၉၃ ဆေးတက္ကသိုလ်မန္တလေးတွင် ၁၀နှစ်ကြာမျှ ပညာအတူတကွသင်ယူခဲ့ကြသော သူငယ်ချင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ်တွင်မန္တလေးမြို့၌ကျင်းပခဲ့ပါသည်။၁၉၉၃ ခုနှစ်ဘွဲ့ရပြီးသည့်အချိန်မှစ၍ ၁၅နှစ်ကြာမျှ ကွဲကွာနေကြသော သူငယ်ချင်းများသည် မိမိတို့၏ရောက်ရှိရာ နေရာဒေသအသီးသီး၊တာဝန်ဌာနအသီးသီး၊ ဘဝအခြေအနေအသီးသီးတို့မှ မဖြစ်ဖြစ်အောင် ကြိုးစား၍ အာစရိယပူဇော်ပွဲနှင့် သူငယ်ချင်းများတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြသည်။ မည်မျှပင် အချိန်ကာလကြာမြင့်စွာ ကွဲကွာနေကြသော်လည်း ၁၀နှစ်တာကာလအတွင်း အမိဆေးတက္ကသိုလ်၌ ညီရင်းအစ်ကို မောင်ရင်းနှမပမာ ချစ်ခင်ပျော်ရွှင်စွာဖြင့် ဖြစ်တည်ခဲ့သော သံယောဇဉ် မေတ္တာတရားတို့ကြောင့် ဤပွဲသည် မျှော်မှန်းထားသည်ထက် အဆပေါင်းများစွာ ပျော်ရွှင်ဖွယ် ကြည်နူးဖွယ်ဖြစ်ခဲ့၏။ ဤပျော်ရွှင်ကြည်နူးဖွယ်တို့ကို ယခုထက်ပိုမို ခိုင်မြဲစေသော၊ ရေရှည်တည်တံ့စေသော သံယောဇဉ် မေတ္တာအိမ်ကြီးအဖြစ် ထာဝရတည်ရှိစေလိုသောဆန္ဒသည် သူငယ်ချင်း တိုင်း၏ နှလုံးသားရင်ဝယ် ငြိတွယ်ပေါ်ပေါက်လာကြသည်။

၁၉၈၃–၁၉၉၃ ဆေးတက္ကသိုလ်(မန္တလေး)သူငယ်ချင်းများသည် ထူးခြားသောအရည်အချင်း၊ထက်မြက်သောအတွေး အခေါ်၊ ကြီးမားသောရည်မှန်းချက်၊ သန့်ရှင်းသော နှလုံးသားတို့ကို ပိုင်ဆိုင်ထားသူများဖြစ်ကြသည်။ဆေးတက္ကသိုလ် တွင် ၁၀နှစ်တာကာလ ပညာသင်ယူခဲ့ကြသော သံယောဇဉ် ခင်မင်မှုတရားသည်ကား အများနှင့်မတူ တမူထူးခြားသည့်အနေ အထားတစ်ခုဖြစ်သည်။ ပထမအကြိမ် ဆရာကန်တော့ပွဲတွင် သူငယ်ချင်းများအားလုံး၏ စိတ်ဆန္ဒအတိုင်း နောင်အရှည် တည်တံ့ခိုင်မြဲသည့် သူငယ်ချင်းများ၏ သံယောဇဉ်တရားဖြင့် လူသားအားလုံး၏အကျိုးကို ထူးခြားစွာဆောင်ရွက် အကောင် အထည်ဖော်နိုင်ရေးအတွက် ပရဟိတအသင်းအဖွဲ့တစ်ခုကိုထူထောင်သွားကြရန် သဘောတူခဲ့ကြပါသည်။ မိမိတို့၏ လုပ်ငန်းတာဝန်များဖြင့် မအားလပ်သည့်ကြားမှ သူငယ်ချင်းများသည် အကြိမ်ကြိမ် ညှိနှိုင်းစည်းဝေးတိုင်ပင်ခဲ့ကြပြီး **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**ကို ၂၀၁၁ခုနှစ် ဖွန်လ ၁၁ရက်၊ မြို့တော်ဆေးရုံ(မန္တလေး)၌ ကျင်းပသော အစည်း အဝေးမှ ဆုံးဖြတ်အတည်ပြု ထူထောင်ခဲ့ကြပါသည်။

ဆက်လက်၍ **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**အား တရားဝင်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားခဲ့ရာ ၂၀၁၃ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့တွင် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရဖွဲ့စည်းခွင့်လက်မှတ်ကို ထုတ်ပေးခဲ့ပါသည်။ **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**အဖွဲ့၏မှတ်ပုံတင်လက်မှတ်အမှတ်သည် ၂၁၂၀ ဖြစ်ပြီး ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့ အထိ အတည်ဖြစ်ပါသည်။

**ရည်ရွယ်ချက် (Objective)**

**"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**သည် အကျိုးအမြတ်မယူသော၊ အစိုးရမဟုတ်သော၊ ဘာသာရေးကို အခြေမခံသော၊နိုင်ငံရေးကို အခြေမခံသော၊ ပရဟိတ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

**ကျွန်ုပ်တို့၏အမြင် (Our Vision)**

မြန်မာ့လူ့အဖွဲ့အစည်းဆထက်ထမ်းပိုးတိုးတက်စေရေး အစွမ်းကုန်ကူညီရန်။

**ကျွန်ုပ်တို့ခံယူထားသည့် တာဝန် (Our mission)**

မြန်မာ့လူ့အဖွဲ့အစည်း ဆထက်ထမ်းပိုးတိုးတက်စေရေးအတွက် **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**အနေဖြင့် ကျန်းမာရေး၊ပညာရေး၊လူမှုရေးကဏ္ဍများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရန်။

**လုပ်ဆောင်မည့် လုပ်ငန်းတာဝန်များ**

မြန်မာ့လူ့အဖွဲ့အစည်း၏ကဏ္ဍအသီးသီးတွင် တိုးတက်စေရေးအတွက် ဖောင်ဒေးရှင်းအနေဖြင့်အောက်ပါကဏ္ဍအသီးသီးတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များကို ခွဲဝေတာဝန်ယူဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

**ကျန်းမာရေးကဏ္ဍ**

(၁) ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များ(သန့်ရှင်းသောရေရရှိရေး၊သန့်ရှင်းသောအိမ်သာသုံးစွဲမှု၊ကျန်းမာရေးပညာပေးခြင်းများ)။
(၂) ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လိုအပ်သောနေရာများတွင် ထောက်ပံ့ကူညီခြင်း။
(၃) လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဖွဲ့ဝင်များကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးခြင်း။
(၄) နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ နည်းပညာပိုင်းဆိုင်ရာ အကူအညီများရယူခြင်း။
(၅) သက်ကြီးရွယ်အို ဆရာ/ဆရာမများ၏ ကျန်းမာရေးကို စောင့်ရှောက်ထောက်ပံ့ပေးခြင်း။

**ပညာရေးကဏ္ဍ**

(၁) အခြေခံပညာရေးအတွက် လိုအပ်သောနေရာအသီးသီးသို့ ပညာရေးဆိုင်ရာ အကူအညီ၊အထောက်အပံ့များပေးအပ်ခြင်း(အဆောက်အဦး၊စာရေးကိရိယာထောက်ပံ့ခြင်း၊ဆရာ/ဆရာမ အခက်အခဲရှိသောဒေသများတွင် ဆရာ/ဆရာမများအား ချီးမြှင့်လစာဖြင့် ငှားရမ်းပေးခြင်း)။
(၂) အဆင့်မြင့်ပညာများဆက်လက်သင်ယူနိုင်ရေးအတွက် ထောက်ပံ့မှုများပေးခြင်း။
(၃) ကျောင်းဆက်မတက်နိုင်သော လူငယ်များ၏ ဘဝတိုးတက်ရေးအတွက် အရည်အသွေးမြင့်တင်ရေးသင်တန်းများဆောင်ရွက်ပေးခြင်း။
(၄) ပညာရေး၏အခြေခံလိုအပ်ချက်များကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပေးခြင်း။

**လူမှုရေးကဏ္ဍ**

(၁) အထူးအားဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်နေသော ဒေသများရှိ ပြည်သူလူထု၏ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခြင်း။
(၂) မိဘမဲ့ကလေးများနှင့် သက်ကြီးရွယ်အိုများကို ထောက်ပံ့ပေးခြင်း။
(၃) လူမှုရေးအရ လိုအပ်ချက်ရှိသော နေရာများတွင် ပံ့ပိုးကူညီမှုများပေးခြင်း။

**လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း**

နာယကများ

(၁) ဒေါက်တာ ကျော်စိုးဝင်း
(၂) ဒေါက်တာ ကြည်ရှင်
(၃) ဒေါက်တာ မြင့်မြင့်အေး
(၄) ဒေါက်တာ ထက်မြက်
(၅) ဒေါက်တာ ရဲမြင့်
(၆) ဒေါက်တာ ကျော်မင်းဦး
(၇) ဒေါက်တာ စန်းစန်းဝင်း(ရှားရှား)

အကြံပေးပုဂ္ဂိုလ်များ

(၁) ဒေါက်တာ စိုးစိုးနိုင်
(၂) ဒေါက်တာ ခင်ဝင်းစိန်
(၃) ဒေါက်တာ ခင်ထွေးလှ
(၄) ဒေါက်တာ လှဘုန်း
(၅) ဒေါက်တာ မြင့်မြင့်သင်း
(၆) ဒေါက်တာ အုန်းအုန်းကြည်
(၇) ဒေါက်တာ မြင့်ငွေ
(၈) ဒေါက်တာ မာလာနီ
(၉) ဒေါက်တာ အောင်ဇော်လင်း

ဥက္ကဋ္ဌ

(၁) ဒေါက်တာ သိန်းထွန်း

ဒု-ဥက္ကဋ္ဌများ

(၁) ဒေါက်တာ သက်သက်ခိုင်
(၂) ဒေါက်တာ မျိုးထွန်း

အလုပ်အမှုဆောင်အဖွဲ့ဝင်များ

(၁) ဒေါက်တာ ခင်ဝင်းစိန်
(၂) ဒေါက်တာ မြတ်ကျော်
(၃) ဒေါက်တာ စည်သူ
(၄) ဒေါက်တာ စိုင်းပန်းအုံ
(၅) ဒေါက်တာ စန်းစန်းဝင်း

အတွင်းရေးမှူးများ

(၁) ဒေါက်တာ စိုင်းကျော်ဟန်
(၂) ဒေါက်တာ သွင်ကျော်ကျော်

တွဲဖက် အတွင်းရေးမှူးများ

(၁) ဒေါက်တာ ခင်မောင်မြင့်

(၂) ဒေါက်တာ ဇော်မြင့်

(၃) ဒေါက်တာ မောင်မောင်သွင်

ဘဏ္ဍာရေးမှူး

(၁) ဒေါက်တာ ခင်စန်းလင်း

တွဲဖက်ဘဏ္ဍာရေးမှူးများ

(၁) ဒေါက်တာ တင်တင်အေး

(၂) ဒေါက်တာ ဝင်းဝင်းမြင့်

(၃) ဒေါက်တာ ဝင်းဝင်းနွဲ့

(၄) ဒေါက်တာ တင်မာဝင်း

စာရင်းစစ်

(၁) ဒေါက်တာ ဖြူဖြူခင်

(၂) ဒေါက်တာ မို့မို့ဝင်း

တွဲဖက်စာရင်းစစ်များ

(၁) ဒေါက်တာ စန်းမြတ်သွယ်

(၂) ဒေါက်တာ မြမြဝင်း

**ဆပ်ကော်မတီများဖွဲ့စည်းခြင်း**

၁။ကျန်းမာရေးကဏ္ဍ

(၁) ဒေါက်တာ ဇော်မြင့် (အဖွဲ့ခေါင်းဆောင်)

(၂) ဒေါက်တာ ဝင်းဝင်းမြင့်

(၃) ဒေါက်တာ ရဲမြင့်

(၄) ဒေါက်တာ လှဘုန်း

(၅) ဒေါက်တာ ခင်မောင်မြင့်

(၆) ဒေါက်တာ မြတ်ကျော်

၂။ပညာရေးကဏ္ဍ

(၁) ဒေါက်တာ ခင်ဝင်းစိန်(အဖွဲ့ခေါင်းဆောင်)

(၂) ဒေါက်တာ လှစိုးတင့်

(၃) ဒေါက်တာ ထက်မြက်

(၄) ဒေါက်တာ မြမြဝင်း

၃။လူမှုရေးကဏ္ဍ

(၁) ဒေါက်တာ မောင်မောင်သွင် (အဖွဲ့ခေါင်းဆောင်)

(၂) ဒေါက်တာ သွင်ကျော်ကျော်

(၃) ဒေါက်တာ စိုင်းကျော်ဟန်

(၄) ဒေါက်တာ မျိုးထွန်း

၄။သတင်းနှင့်ပြန်ကြားရေးတာဝန်ခံများ

(၁) ဒေါက်တာ သွင်ကျော်ကျော် (အဖွဲ့ခေါင်းဆောင်)

(၂) ဒေါက်တာ စိုင်းကျော်ဟန်

(၃) ဒေါက်တာ ဝင်းဝင်းမြင့်

(၄) ဒေါက်တာ စည်သူ

(၅) ဒေါက်တာ မြတ်ကျော်

(၆) ဒေါက်တာ ဖော်မြင့်

အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း

အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းအား (၂)နှစ် တစ်ကြိမ် ပြုလုပ်သွားပါမည်။

**အသင်းအဖွဲ့တည်နေရာသတ်မှတ်ခြင်း**

**"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**၏ လုပ်ငန်းကိစ္စအဝဝအား ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက်အောက်ဖော်ပြပါလိပ်စာများအတိုင်း ရုံးခန်းဖွင့်လှစ်ထားရှိရန် သဘောတူဆောင်ရွက်ခဲ့ပါသည်။

(၁)ရန်ကုန်ရုံး – အမှတ်(၆၉၉)၊ပထမထပ်၊မဟာဗန္ဓုလလမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့။
– ဖုန်းနံပါတ်/ ၀၁-၂၅၁၂၈၀၊၀၁-၂၅၂၁၈၃၊၀၉-၅၂၆၁၁၂၆၊၀၉-၅၀၁၈၃၄၂၊၀၉-၅၁၂၇၃၄၅၊၀၉-၅၁၂၀၅၃၃။
– **Email : myanmametta@gmail.com**

(၂)မန္တလေးရုံး– အမှတ်(၉၄)၊၇၄လမ်း၊၂၆လမ်းနှင့်၂၇လမ်းကြား၊မန္တလေးမြို့။
– ဖုန်းနံပါတ်/၀၉-၄၃၁၀၃၀၂၅၊Fax- ၀၂-၃၁၇၇၆။
– **Email : immf8393@gmail.com**

(၃) – Facebook Page - **"Infinite Myanma Metta Foundation"** (Group Page)

(၄) – Webpage - **"https://www.immf8393.org"**

**အဖွဲ့ဝင်အဖြစ်သတ်မှတ်ခြင်း**

မန္တလေးဆေးတက္ကသိုလ် ၁၉၈၃–၁၉၉၃ သူငယ်ချင်းများအားလုံးကို အဖွဲ့ဝင်အဖြစ်သတ်မှတ်သည်။အသင်းဝင်များမှ ပရဟိတလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် တစ်လလျှင် ၅,၀၀၀ကျပ်နှုန်းဖြင့် လစဉ်ပုံမှန်သော်လည်းကောင်း၊ တစ်နှစ်စာအတွက်တစ်ကြိမ်တည်းသော်လည်းကောင်းထည့်ဝင်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

## "အနန္တမြိန်မာ့မေတ္တာဖောင်ဒေးရှင်း"၏ ၂၀၁၃ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများမှတ်တမ်း

### ကျန်းမာရေးကဏ္ဍ

ရန်ကုန်နှင့်မန္တလေးမြို့ရှိ အလုပ်အမှုဆောင်ကော်မတီဝင် အသီးသီး၏ လှုပ်ရှားနိုးဆော်မှုများနှင့်အတူ အသင်းဝင် သူငယ်ချင်းအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် နယ်လှည့်ဆေးကုသမှုအစီအစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ကျန်းမာရေး စစ်ဆေးပေးခြင်း၊ လိုအပ်သော ခါတ်ခွဲစမ်းသပ်မှုများဆောင်ရွက်ပေးခြင်း၊ရောဂါရှာဖွေကုသပေးခြင်း၊လိုအပ်သောဆေးဝါး များဖြင့် ထောက်ပံ့ကုသပေးခြင်း၊ဆေးရုံလွှဲပြောင်းကုသရန်လိုအပ်သည့်လူနာများအား တာဝန်ယူ၍လွှဲပြောင်းကုသစေခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊လိုအပ်သောဒေသများတွင် Follow up အနေဖြင့် ဒုတိယအကြိမ်၊တတိယအကြိမ် ပြန်လည်သွားရောက်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ Mobile Clinic ထွက်ရန် နေရာရွေးချယ် ရာ၌ အသင်းဝင်သူငယ်ချင်းများ၏ အဆက်အသွယ်ဖြစ်သော ဒေသ၊ ဆွေမျိုးအရင်းအချာများရှိသော ဒေသ၊ ကျန်းမာရေး စောင့်ရှောက်မှုအထူးလိုအပ်နေသည်ဟု အသင်းဝင်သူငယ်ချင်းများ၏ မှတ်ချက်ပြုသော ဒေသများကို အဓိကထား၍ ဆောင် ရွက်ပေးခဲ့ပါသည်။ မိဘမဲ့ကလေးကျောင်းများ၊ဘိုးဘွားရိပ်သာများ၊ပရဟိတလူငယ်သင်တန်းကျောင်းများအား အလျဉ်းသင့် သလို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ (တစ်နှစ်တာကာလအတွင်း လှုပ်ရှားမှုများ၊ ကုသခဲ့သည့်လူနာဦးရေနှင့် ကုန်ကျစရိတ်များအား နောက်ဆက်တွဲများအဖြစ်ဖော်ပြထားပါသည်။)

အင်းလေးဒေသ၊နွားခမေတောင်ရွာသို့သွားရောက်ခဲ့ရာတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီး များလိုက်ပါဆောင်ရွက်ခဲ့သဖြင့် လူထုအား ထိရောက်သောစောင့်ရှောက်မှုများပေးနိုင်ခဲ့ပြီးမီးယပ်ရောဂါများအတွက် Pap Smear ကို လူနာ(၆၂)ဦး ရယူစစ်ဆေးပေးနိုင်ခဲ့ခြင်း၊ မျက်စိလူနာ (၂၃၃)ဦးမှ လူနာ(၂၀၀)ဦးအားအခမဲ့မျက်မှန်တပ်ဆင်ပေး ခဲ့ခြင်း၊လည်ပင်းကြီးရောဂါလူနာ(၂၀)ဦးခန့်အား စမ်းသပ်စစ်ဆေးတွေ့ရှိခဲ့ပြီး ၄င်းတို့အား အခမဲ့ခွဲစိတ်ကုသပေးရန် ကျောက်ဆည်ဆေးရုံကြီးတွင် ချိန်းဆိုစစ်ဆေးပေးနိုင်ခဲ့ခြင်းတို့သည်ထူးခြားသောဆောင်ရွက်ခဲ့မှုများဖြစ်ခဲ့ပါသည်။ ဟသာ်တမြို့နယ်၊ ဒမ္ဘီကျေးရွာတွင် အသက်(၅၀)နှစ် အထက်လူနာ(၂၁၆)ဦးအား စမ်းသပ်စစ်ဆေးရာ (၃၃)ဦးတွင် သွေးချိုရောဂါ ရှိကြောင်း စမ်းသပ်စစ်ဆေးသိရှိခဲ့ရပြီး ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ သဘာဝတရားရိပ်သာတွင် အသက်(၅၀)နှစ်အထက်လူနာ (၂၇၅)ဦး၌ (၃၆)ဦး တွင် သွေးချိုရောဂါရှိကြောင်း သိရှိခဲ့ရပါသည်။Mobile Clinic ထွက် ရှိရာ ရန်ကုန်တိုင်းဒေသနယ်မြေအသီးသီးအတွင်းမှ ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအားအသင်းဝင်ခွဲစိတ်ဆရာဝန် ကိုယ်တိုင် ခွဲစိတ်ကုသပေးခဲ့ပြီး အဆိုပါလူနာ(၃၂)ဦးမှ လူနာ(၁၃)ဦး(Major Surgery (၆)ဦး၊Minor Surgery (၇)ဦး)ကို ဖောင်ဒေးရှင်း၏လှူဒါန်းငွေဖြင့် အခမဲ့ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။မန္တလေးတိုင်း ငါန်းဇွန်မြို့နယ်၊ငါန်းမြားကြီးကျေးရွာ သို့သွားရောက်ခဲ့စဉ်အခါက မျက်စိလူနာ(၈၅၂)ဦး မှ လူနာ (၄၀၀)ဦးအား အခမဲ့ မျက်မှန်တပ်ဆင်ပေးခဲ့ခြင်း၊အတွင်း တိမ်လူနာ (၆၅)ဦး၊ Pterygium လူနာ(၂၃)ဦးအား ခွဲစိတ်ကုသပေးခဲ့ခြင်း၊ Mobile Clinic ခရီးစဉ် အားလုံးတွင်အသက်(၆၀) နှစ်နှင့်အထက်လူနာများ အား ECGဖြင့်နှလုံးစမ်းသပ်စစ်ဆေးမှုများပြုလုပ်ပေးခဲ့ပြီး နှလုံးရောဂါရှိသူများအားလည်း သမားတော်များနှင့်တိုင်ပင်ကုသပေးခဲ့ခြင်းတို့မှာ အသင်း၏ မှတ်တမ်းဝင် အောင်မြင်မှုများဖြစ်ပါသည်။

၁၉၈၃-၁၉၈၃ မန္တလေးဆေးတက္ကသိုလ် ဆရာကြီး/ဆရာမကြီးများ၏ ကျန်းမာရေးချို့ယွင်းမှုရှိလာပါက အသင်း အနေဖြင့်ထောက်ပံ့ရန် ဆုံးဖြတ်ထားသည့်အတိုင်း ကျန်းမာရေးချို့တဲ့သော ဆရာကြီး/ဆရာမကြီးများအား ပုဂ္ဂလိက ဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးထောက်ပံ့ငွေများလှူဒါန်းပံ့ပိုးကူညီပေးခြင်း၊ အသင်းဝင် သူငယ်ချင်းများ ကျန်းမာရေးချို့ယွင်းမှုရှိပါကလည်း အသင်းမှ ဆေးဝါးကုသရန်အတွက်ငွေများပံ့ပိုးကူညီခြင်း တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အသင်းဝင်များ၏ရံပုံငွေများဖြင့် ကျန်းမာရေးကဏ္ဍတွင် အကျိုးရှိသောလှူဒါန်းမှုများကို လိုအပ်ပါက ဆောင်ရွက် နိုင်ရန် သဘောတူညီထားခဲ့ကြသည့်အတိုင်း မန္တလေးပြည်သူ့ဆေးရုံကြီး၊ ဆီးနှင့်ကျောက်ကပ် ဆေးပညာဌာနတွင် Renal Dialysis အတွက် တစ်လလျှင်လူနာ(၂)ဦးအတွက် ကုသနိုင်ရန် ငွေကျပ် ၈၀,၀၀၀ အား လစဉ်ပုံမှန်အနေဖြင့်လှူဒါန်း နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့တွင် မန္တလေးပြည်သူ့ဆေးရုံကြီးရှိ ဆေးကုသဆောင်အသီးသီးသို့ Oxygen Cylinder ၂၀လုံး(ကုန်ကျငွေ ၂၈သိန်း)အား အသင်းအနေဖြင့် လှူဒါန်းနိုင်ခဲ့သဖြင့် ယခုအခါ ဆေးကုသဆောင်

အသီးသီးတွင် အကျိုးရှိစွာဖြင့် အသုံးပြုနေကြပြီဖြစ်ပါသည်။ ယခုလက်ရှိအနေအထားထက်ပိုမိုအဆင့်မြင့်သော ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပေး တင်ပြအပ်ပါသည်။

## ပညာရေးကဏ္ဍ

တက္ကသိုလ်ပညာရေး ဆက်လက်သင်ယူရန် အခက်အခဲဖြစ်နေသော အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ကျောင်းသူ/ကျောင်းသားများထဲမှ အချို့ကို ပညာသင်စရိတ်အဖြစ် အသင်းဝင်များ၏ထောက်ခံချက်ဖြင့် ပညာသင်ဆုကို ရွေးချယ်ခဲ့ပြီး တစ်ဦးလျှင် လစဉ်ပုံမှန် ၅၀,၀၀၀ကျပ်နှုန်း ဖြင့် မောင်တိုက်ထွန်း (ဒုတိယနှစ်၊ မကွေးဆေးတက္ကသိုလ်)၊ မောင်အောင်ဆန်းမြင့်(ဒုတိယနှစ်၊မန္တလေးဆေးတက္ကသိုလ်)နှင့် မဟေမာဝင်း(ပထမနှစ်၊မကွေးဆေးတက္ကသိုလ်) တို့(၃)ဦး အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

Mobile Clinic သွားရောက်ခဲ့သော ဒေသများ၊မိဘမဲ့ကလေးကျောင်းများ၊ပရဟိတလူငယ်သင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် စာရေးကိရိယာများလှူဒါန်းထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ဆင်းရဲချို့တဲ့ပြီး အမှန်တကယ် လိုအပ်နေသော ကျောင်းသား/ကျောင်းသူများအတွက် ပညာသင်ဆုချီးမြင့်ခြင်း၊ စာသင်ခုံ၊စာသင်ခန်း စသည့် ကျောင်းပရိဘောဂများ မပြည့်စုံသည့်ဒေသများအတွက် လှူဒါန်းခြင်း၊ မိမိအသင်းဝင်များ၏ သား/သမီးများထဲမှ ပညာရည်ထူးချွန်သူများအား ထူးချွန်ပညာသင်ဆုများချီးမြင့်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။၂၀၁၂ခုနှစ် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပခဲ့စဉ်အခါက ပညာရည်ထူးချွန်သူ ကျောင်းသား/ကျောင်းသူ(၆)ဦးအား ဂုဏ်ထူးတစ်ဘာသာလျှင် ၅၀,၀၀၀ကျပ်နှုန်း ဖြင့် စုစုပေါင်း ၁,၈၀၀,၀၀၀ကျပ်တိတိ ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့ပါသည်။ ၂၀၁၂ခုနှစ်နောက်ပိုင်း အခြေခံပညာအထက်တန်း ပညာရည်ထူးချွန်သူ ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပသည့်အချိန် အခါတွင် တစ်ပေါင်းတည်း ချီးမြှင့်သွားမည်ဖြစ်ပါသည်။

## လူမှုရေးကဏ္ဍ

သောက်သုံးရေခက်ခဲသော သုံးခွမြို့နယ်တွင် စက်ရေတွင်း(၂တွင်း)လှူဒါန်းခြင်း၊သဘာဝဘေးဒဏ်ကျရောက်သော ရွှေကျင်ဒေသရေဘေးအကူအညီအတွက် အလှူငွေလှူဒါန်းခြင်း၊ ငလျင်ဘေးဒဏ်ကျရောက်ခဲ့သော စဉ့်ကူးမြို့နယ်ပြည်သူ့ ဆေးရုံသို့အလှူငွေလှူဒါန်းခြင်း၊ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များအတွက်အလှူငွေလှူဒါန်းခြင်း၊ကချင်ပြည်နယ်စစ်ဘေး ကျခံနေရသော လူထုအတွက် အလှူငွေလှူဒါန်းခြင်း၊Mobile Clinic သွားရောက်ခဲ့သောဒေသများမှ ဘုန်းတော်ကြီးကျောင်း များနှင့် ပြင်ဦးလွင်မျက်မမြင်ကျောင်းများတွင် ဆွမ်းဆန်စိမ်းနှင့် နေ့ဆွမ်းများကပ်လှူခြင်းတို့ကို လူမှုရေးကဏ္ဍအနေဖြင့် ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

ကန်တော့ခံဆရာကြီး/ဆရာမကြီးများ၏လိုအပ်သောအကူအညီများနှင့် ကျန်းမာရေး၊လူမှုရေးဆိုင်ရာစောင့်ရှောက် အားပေးမှုများကိုလည်း အသင်းဝင်များအနေဖြင့် အလှည့်ကျဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

Mobile Clinic သွားရောက်ခဲ့ရာဒေသများမှ ရန်ကုန်၊မန္တလေးမြို့ကြီးများသို့ ဆေးရုံလွှဲပြောင်းကုသရန် ရောက်ရှိ လာသောလူနာများအား ဆေးရုံကြီးများ၊အထူးကုဌာနများနှင့်ချိတ်ဆက်ပေးခြင်း၊ လိုအပ်သောအကူအညီများပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်တွင်း/ပြည်ပရှိ သူငယ်ချင်းများ၏ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ၊သတင်းအချက်အလက်များနှင့် ကိုယ်ရေး ကိုယ်တာကိစ္စအသီးသီးအား ဆက်သွယ်ချိတ်ဆက်ပေးခြင်း၊ ရပ်ဝေးဒေသတွင်တာဝန်ထမ်းဆောင်နေသောသူငယ်ချင်းများ ရန်ကုန်/မန္တလေးမြို့များသို့ရောက်ရှိလာပါက သူငယ်ချင်းများနှင့်တွေ့ဆုံပွဲများ ကျင်းပပေးခြင်း၊သူငယ်ချင်းများ၏ မိဘ/ ဆွေမျိုးများ ကျန်းမာရေးနာမကျန်းဖြစ်သည့်အခါတွင် လိုအပ်သောအကူအညီများရှိပါက ညှိနှိုင်းဆောင်ရွက်ပေးခြင်း တို့ကို လုပ်ဆောင်ပေးခဲ့ပါသည်။

နောင်အခါတွင်လူမှုရေးကဏ္ဍလှုပ်ရှားမှုများကိုအသင်း၏ကိုယ်ပိုင် Web Page ဖြစ်သော **"https://www.immf8393.org"** မှတစ်ဆင့် ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

**တွေ့ကြုံရသောအခက်အခဲများ**

(၁) နိုင်ငံ့တာဝန်များ၊စီးပွားရေး၊လူမှုရေးနှင့်ကိုယ်ရေးကိုယ်တာ တာဝန်များကြောင့် ဤအဖွဲ့ကြီး၏လှုပ်ရှားမှုတိုင်းတွင် သူငယ်ချင်းအချို့ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ဤအဖွဲ့၏လှုပ်ရှားမှုသည် သူငယ်ချင်းများအားလုံး၏ ပူးပေါင်းပါဝင်မှုမရှိပဲ အောင်မြင်အောင်ဆက်လက်ဆောင်ရွက်ရန်အခက်အခဲရှိပါလိမ့်မည်။ဤအဖွဲ့၏ အားသာချက်မှာ သက်ဆိုင်ရာဘာသာရပ်အလိုက်အောင်မြင်ထူးချွန်သော အထူးကုဆရာဝန်ကြီးများ ရှိနေပြီဖြစ်ရာ ၄င်းတို့၏ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် အခက်အခဲများကို အထိုက်အလျောက် အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ပရဟိတလုပ်ငန်းဟူသည် စေတနာ၊မေတ္တာတို့ကိုအရင်းခံ၍ ကိုယ်ကျိုးစွန့်အနစ်နာခံဆောင်ရွက်ရသော သဘောရှိလေရာ ရံဖန်ရံခါတွင် အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ဤအဖွဲ့၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် သူငယ်ချင်းများအနေဖြင့် စဉ်းစားသင့်ပါသည်။ အထူးအားဖြင့် Mobile Clinic တွင် သူငယ်ချင်းများ မိမိကဏ္ဍ အလိုက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားသည့်အချိန်တွင် စုစည်းရန်အခက်အခဲများကြုံတွေ့ခဲ့ရပါသည်။ အချို့သော Mobile Clinic အစီအစဉ်များသည် သူငယ်ချင်းများ ပါဝင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးနေရသဖြင့် လစဉ် မထွက်နိုင်ခြင်း၊ သတ်မှတ်ရက်ကို ရွှေ့ပြောင်းရခြင်းများပြုလုပ်ခဲ့ရပါသည်။

(၂) အဖွဲ့၏ရပ်တည်မှုသည် ဘဏ္ဍာငွေအခြေအနေတောင့်တင်းမှုအပေါ် အဓိကမှီခိုပါသည်။ လက်ရှိအသင်းရံပုံငွေဖြင့် ရေရှည် ဆက်လက်ဆောင်ရွက်ရန်မှာ အခက်အခဲများရှိလာနိုင်ပါသည်။ထိရောက်သောဆေးကုသမှုများပေးခြင်း၊ ပညာသင် ဆုကို ယခုထက်ပိုမို ထောက်ပံ့နိုင်ခြင်း၊နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာငွေကို ယခုထက်ပိုမို ရရှိအောင် စီမံဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။

(၃) ပြည်တွင်း/ပြည်ပနှင့် မည်သည့်ဒေသတွင်မဆိုရောက်ရှိနေကြသော သူငယ်ချင်းများအနေဖြင့် မိမိတို့၏လုပ်အားဒါန မပြုနိုင်သည့်တိုင်အောင် လစဉ်ကြေးများကိုတတ်နိုင်သမျှထည့်ဝင်ပေးခြင်း၊မိမိတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများမှ သီးခြားအလှူငွေများ ထောက်ပံ့ပေးခြင်း၊ ပရဟိတလုပ်ငန်းများသို့ ဝါသနာ၊ စေတနာဖြင့် လှူဒါန်းလိုကြသော အခြား အလှူရှင်များထံမှ ကောက်ခံပေးခြင်း(သို့မဟုတ်)ဤအဖွဲ့နှင့်ချိတ်ဆက်ပေးခြင်းတို့ကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန် အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

(၄) အဖွဲ့၏လှုပ်ရှားမှုများကို ကြိုတင်သိရှိနိုင်မည့် တစ်နှစ်စာ Schedule ကို မသိရှိရသဖြင့် အချို့သော နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအနေဖြင့် Mobile Clinic များပါဝင်ရန်အတွက် အခက်အခဲများရှိခဲ့ပါသည်။သတ်မှတ်ထားသည့်ရက်များတွင် အချိန်မီထွက်ရှိနိုင်ရေး ကြိုတင်အကြောင်းကြားဆောင်ရွက်မှုများ အားနည်းကြောင်း တွေ့ရှိရပါသည်။

(၅) ဤအဖွဲ့၏ အဓိကသဖွယ် ဆောင်ရွက်နေရသည်မှာ ကျန်းမာရေးကဏ္ဍဖြစ်ပါသည်။ ကျန်းမာရေးဝန်ဆောင်မှုများ ပေးရန်အတွက် ဘဏ္ဍာငွေပေါ်မူတည်၍ လိုအပ်သည့်နေရာများတွင် ဦးစားပေးဖြည့်ဆည်းပေးခဲ့ရပါသည်။လက်ရှိအခြေ အနေအရ ဘာသာရပ်အသီးသီးအတွက် လိုအပ်သောဆေးဝါးကိရိယာများအား လုံလောက်အောင်ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါ။ Portable X-Ray ၊ Portable Urtrasound ၊Mini Lab ကဲ့သို့သော ဝန်ဆောင်မှုများအားဖြည့်ဆည်းပေးနိုင် မည်ဆိုပါက ယခုထက်ပိုမိုသော ကျန်းမာရေးဝန်ဆောင်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

**အကြံပြုတင်ပြချက်များ**

(၁) အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိမိတို့၏အမြင်များ၊ အကြံပြုချက်များကို ဝေဖန် ထောက်ပြ ဆွေးနွေးနိုင်ရန်နှင့်အဖွဲ့၏လှုပ်ရှားမှုများတွင် သူငယ်ချင်းများ အားလုံး ပါဝင်လာရေး စည်းရုံးဆောင်ရွက်သွားသင့်ပါသည်။

(၂) အဖွဲ့ဝင်များသည် ဆရာဝန်များဖြစ်ကြသည့်အားလျော်စွာ အဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုတိုင်းကို အခြားသောလူမှုရေး အဖွဲ့အစည်းများထက်အဆင့်အတန်းမနိမ့်စေပဲ အမြဲ Upgrade ဖြစ်နေအောင် အားလုံးပူးပေါင်းဆောင်ရွက်သင့်ပါသည်။

(၃) ဤအဖွဲ့၏လုပ်ငန်းများ ယခုထက်ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးမှာ အသင်းသား များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့်အတူ ဘဏ္ဍာငွေတောင့်တင်းရေးမှာလည်း အခြေခံကျသော လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။လက်ရှိဘဏ္ဍာငွေဖြင့် အသင်းဝင်ကြေးသက်သက်ဖြင့်သာ ဆက်လက်ဆောင်ရွက်နေမည်ဆိုပါက အခက်အခဲ

များစွာရှိလာနိုင်ပါသည်။ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးရန်နှင့် အသင်းရေရှည်တည်တံ့ခိုင်မြဲနိုင်ရန်အတွက် ဘဏ္ဍာငွေတိုးပွားရရှိရေးအစီအစဉ်များ မည်သို့မည်ပုံဆောင်ရွက်မည်ကို ကြိုတင် စဉ်းစားဆောင်ရွက်ရတော့မည့်အချိန်အခါဖြစ်ပါသည်။

(၄) အသင်းဝင်များ၏ တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ်တွေ့ဆုံပွဲများကို ဆောင်ရွက်ခြင်းဖြင့် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာလာပြီး အသင်းကြီး၏ ကောင်းကျိုးများအတွက် အကြံဉာဏ်ကောင်းများဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။တွေ့ဆုံပွဲများတွင်မိမိတို့အရပ်ဒေသ၏လူမှုရေးအရလိုအပ်ချက်များကို အဖွဲ့ဝင်သူငယ်ချင်းများမှ ရွေးချယ်တင်ပြမှုများအပေါ် အဖွဲ့မှညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့၏လူမှုရေးကဏ္ဍလှုပ်ရှားမှုများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

(၅) Mobile Clinicထွက်ရန် နေရာများရွေးချယ်ရာတွင် မိမိတို့အဖွဲ့ဝင်များ၏ ဇာတိမြေ၊ တာဝန်ထမ်းဆောင်ရာဒေသတို့ကို ဦးစားပေးရွေးချယ်ခြင်းဖြင့် အဖွဲ့၏သွားလာရေး၊နေထိုင်စားသောက်ရေးကိစ္စများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။သက်ဆိုင်ရာသူငယ်ချင်းများအနေဖြင့်လည်း မိမိကြီးပြင်းလာခဲ့ရာ၊ကျေးဇူးရှိရာ အရပ်ဒေသအားအဖွဲ့၏ပရဟိတလုပ်ငန်းများဖြင့် ပြန်လည်အလုပ်အကျွေးပြုနိုင်မည်ဖြစ်ပါသည်။

(၆) ပညာသင်ဆုရ ကျောင်းသား/ ကျောင်းသူများအား စဉ်ဆက်မပြတ် စောင့်ကြည့်အကဲခတ်မှုများ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ အသင်း၏နှစ်ပတ်လည်အစည်းအဝေးများသို့တက်ရောက်စေခြင်း၊၄င်းတို့၏ကျောင်းအားလပ်ရက်ပေါ်မူတည်၍ အသင်း၏လှုပ်ရှားမှုအချို့တွင် ပါဝင်လုပ်အားပေးစေခြင်းတို့ဖြင့် အသင်းဝင်များနှင့်ရင်းနှီးမှုပိုမိုရှိလာပြီး နောင်အချိန်တွင် အသင်းအတွက် အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် အလေ့အထကောင်းများ ရရှိစေမည်ဖြစ်ပါသည်။

(၇) ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များမှ တစ်ခုဖြစ်သည့် ကျန်းမာရေးပညာပေးခြင်းသည် လူထုကျန်းမာရေးအတွက် အခြေခံအကျဆုံးဖြစ်လေရာ ရောဂါကြိုတင်ကာကွယ်ရေး ပညာပေးစာစောင်များ၊ရုပ်ရှင်ဗွီဒီယိုများ၊ဟောပြောပွဲများဆောင်ရွက်သွားရေးအတွက် ကော်မတီအနေဖြင့် ဆောင်ရွက်သင့်ပြီဖြစ်ပါသည်။

(၈) အဖွဲ့၏ကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးခဲ့ရာတွင် လူနာအရေအတွက်နှင့်ဆေးကုသမှုကုန်ကျစရိတ်အချိုး၊ကုန်ကျမှုစရိတ်နှင့်အကျိုးသက်ရောက်မှုအချိုးတို့ကို Statistically data analysis စနစ်တကျလုပ်ဆောင်မှုမရှိခဲ့သေးသည်ကိုတွေ့ရှိခဲ့ရပါသည်။နောင်တွင် နိုင်ငံတကာစံညွှန်းများနှင့်အညီ တင်ပြရပ်တည်နိုင်ရေးအတွက် အသင်းဝင်များထဲမှနားလည် ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ထားသင့်ပါသည်။

(၉) အဖွဲ့၏လုပ်ဆောင်မည့်လုပ်ငန်းတာဝန်များ စီမံချက်ချခဲ့စဉ်က လူငယ်များ၏ဘဝတိုးတက်ရေးအတွက် အရည်အသွေးမြင့်တင်ရေးသင်တန်းများ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သော်လည်း ယနေ့ထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းများ၊ကွန်ပြူတာသင်တန်းများကဲ့သို့သော အရည်အသွေးမြင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ရေး ယခုကပင် စီမံထားသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၁၀) ပညာရေးအခြေခံလိုအပ်ချက်များဖြစ်သော စာရေးကိရိယာ၊စာသင်ခုံ၊စာသင်ခန်း၊စာသင်ကျောင်း စသည်ဖြင့် ရုပ်ပိုင်းဆိုင်ရာဖြည့်ဆည်းမှုများနှင့်အတူ ကလေး/ လူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ၊လူမှုရေးပိုင်းဆိုင်ရာ တိုးတက်လာရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဘဝတွက်တာတိုးတက်ရေးသင်တန်းများအား ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ကုလသမဂ္ဂများနှင့် ချိတ်ဆက်၍ ကြိုတင်စီမံဆောင်ရွက်ထားသင့်ပါသည်။

(၁၁) ကျန်းမာရေးကဏ္ဍတစ်ခုတည်းကိုသာ အာရုံစိုက်ဆောင်ရွက်နေခြင်းမျိုးမဟုတ်ပဲ ပညာရေး၊လူမှုရေးကဏ္ဍအသီးသီးတွင်လည်း မည်သို့သော လှုပ်ရှားမှုများ၊ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသင့်သည်ကိုလည်း အသင်းဝင်များအနေဖြင့် စဉ်းစားအကြံပြုသင့်ပါသည်။

(၁၂) အသင်း၏လှုပ်ရှားမှုများနှင့်ပတ်သက်၍လည်းကောင်း၊ အသင်းဝင်အချင်းချင်း လူမှုရေးနှင့် အခြားဆက်သွယ်မှုများအတွက်သော်လည်းကောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆေးပညာဆိုင်ရာ အတွေ့အကြုံများ၊နောက်ဆုံးပေါ်ကုထုံးများ၊ အခက်အခဲများ နှီးနှောဖလှယ်နိုင်ရန်အတွက်သော်လည်းကောင်း လွယ်ကူလျင်မြန်ချောမွေ့စွာ ဆက်သွယ်နိုင်ရန်အတွက် အသင်း၏ Webpage ဖြစ်သော **"https://www.immf8393.org"** ကို ဖွင့်လှစ်ထားပါသည်။ ဤ Webpage တွင် သူငယ်ချင်းများအားလုံး ဝင်ရောက်ကြည့်ရှုခြင်း၊ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ဝေဖန်ခြင်းများ ပြုလုပ်ပေးရန် ဖိတ်ခေါ်အပ်ပါသည်။

နိဂုံး

၁၉၈၃–၁၉၉၃ မန္တလေးဆေးတက္ကသိုလ်သူငယ်ချင်းများ၏ ကမ္ဘာ တစ်သန်းမကသော သံယောဇဉ်တရားများဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ထူထောင်ထားခဲ့သော "အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"သည် (၂)နှစ်တာခရီးကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီးဖြစ်သည်။မြင့်မြတ်သော ပရဟိတအများအကျိုးသယ်ပိုးခြင်းလုပ်ငန်းများကို မြင့်မြတ်သောနှလုံးသားပိုင်ရှင်များက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။စေတနာ မေတ္တာတို့ကိုအရင်းခံ၍ ဆောင်ရွက်ခဲ့သည်ဆိုသော်လည်း အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်သည့်သဘာဝအတိုင်း အားနည်းချက် ၊အားသာချက်များ ရှိနေသည်ကို ဝန်ခံရပေလိမ့်မည်။ ဤအဖွဲ့ကြီး၏ အောင်မြင်မှုမှန်သမျှသည် သူငယ်ချင်းများအားလုံး၏အောင်မြင်မှုသာဖြစ်သည်။ ဤအဖွဲ့ကြီး၏ဆောင်ရွက်မှုညံ့ဖျင်းခြင်းတို့သည် စီမံသူ သူငယ်ချင်းအချို့၏အားနည်းချက်သာ ဖြစ်ပေလိမ့်မည်ဟု တောင်းပန်စကား ဆိုရပေလိမ့်မည်။

ယနေ့အထိ ဤအသင်းကြီး၏လှုပ်ရှားမှုအသီးသီးတွင် ငွေအား၊ လူအား၊ လုပ်အား၊ ဉာဏ်အားများဖြင့် တစ်စိုက်မတ်မတ် ကြိုးစားဆောင်ရွက်ခဲ့ကြသော ၁၉၈၃–၁၉၉၃ မန္တလေးဆေးတက္ကသိုလ်သူငယ်ချင်းများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

အထူးအားဖြင့် ငွေအား၊လူအားသာမက အချိန်ပေး၍ စိတ်ရော ကိုယ်ပါ နှစ်မြှုပ်ဆောင်ရွက်ခဲ့ကြသော သူငယ်ချင်းအချို့အားလည်း အထူး ကျေးဇူးတင်ရှိပါသည်။အစည်းအဝေးများသို့မတက်ရောက်နိုင်ခဲ့သော်လည်းတယ်လီဖုန်း၊Email၊ Facebookတို့ဖြင့် စိတ်ပါဝင်စားစွာ ဆွေးနွေးအကြံပေးခဲ့ကြသော ပြည်တွင်း/ပြည်ပသူငယ်ချင်းများအားလုံးအား ကျေးဇူးတင်ရှိပါသည်။

၁၉၈၃–၁၉၉၃ မန္တလေးဆေးတက္ကသိုလ်သူငယ်ချင်းများ မဟုတ်သော်လည်းပဲ ပရဟိတလုပ်ငန်းများတွင် စေတနာထက်သန်စွာဖြင့် ဆောင်ရွက်ပေးခဲ့ကြသော ဆရာကြီး/ဆရာမကြီးများ၊ အခြားအတန်းများမှသူငယ်ချင်းများ၊ အခြားဆေးတက္ကသိုလ်များမှ ဆရာဝန်မိတ်ဆွေများ၊သူနာပြုဆရာမများ၊ကျန်းမာရေးဝန်ထမ်းများ အားလုံးတို့၏ ကျေးဇူးများကိုလည်း အသင်းကြီး၏နှလုံးသားမှတ်တမ်းဝယ် ကမ္ပည်းထိုးမှတ်တမ်းတင်အပ်ပါသည်။

ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ခြင်းများစွာနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည့် အသင်းကြီး၏ လှုပ်ရှားမှုများတွင် ယခုထက်ပိုမို၍ ပူးပေါင်းပါဝင်ကူညီပေးကြပါရန်ကိုလည်း မေတ္တာရပ်ခံအပ်ပါသည်။တစ်ဦးဆောင်သော်မရ၊ အများဆောင်သော်ရ၏ ဆိုသည့်အတိုင်း ဤအဖွဲ့ကြီး၏လှုပ်များမှုများသည် တစ်ဦးတစ်ယောက်၏လှုပ်ရှားမှုဖြင့်မရပဲ သူငယ်ချင်းများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်အောင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

"ဖွန်ပန်းရုံအနီး၊ နွံထဲ၌ လှည်းဘီးကျွံနေသည်<br>
ကူ၍ တွန်းပေးကြပါ<br>
လေးလွန်း၍ မတွန်းနိုင်ဘူးလား<br>
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်...<br>
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်...<br>
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်..." ကို အားလုံးအမှတ်တရရှိကြပါလိမ့်မည်။

မည်သို့သောအခက်အခဲ ၊အကျပ်အတည်းများ၊စိန်ခေါ်မှုများကြုံတွေ့နေရစေကာမူ ကျွန်တော်တို့သူငယ်ချင်းများအားလုံး၏မေတ္တာအား၊စေတနာအား၊သံယောဇဉ်အားတို့ဖြင့် စုပေါင်းညီညာပြိုင်တူတွန်းကြလျှင် ကျော်လွှား အောင်မြင်အောင်ပွဲဆင်မည်ဟု ယုံကြည်မိပါကြောင်း။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ရက်။

## ၂၀၁၃ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းများ

| စဉ် | ရက်စွဲ | ကျန်းမာရေးစောင့်ရှောက်မှုခရီးစဉ်များ | လူနာဦးရေ |
|---|---|---|---|
| ၁ | ၂၇.၁.၂၀၁၃ | ပဏ္ဍိတာရာမသီလရှင်စာသင်တိုက်၊ရန်ကင်းမြို့နယ်၊ရန်ကုန်။ | ၁၃၀ ဦး |
| ၂ | ၁၆.၂.၂၀၁၃ | ဆရာတော်ဦးဥေယျ၊မျက်မမြင်ကျောင်း၊ပြင်ဦးလွင်မြို့။ | ၁၂၄ ဦး |
| ၃ | ၂၄.၂.၂၀၁၃ | မြစိမ်းတောင်တောရရိပ်သာ၊လိမ္မော်စုကျေးရွာ၊တိုက်ကြီးမြို့နယ်၊ ရန်ကုန်မြို့။ | ၁၅၃ ဦး |
| ၄ | ၂၃.၃.၂၀၁၃ | ငါန်းမြာကြီးကျေးရွာ၊ငါန်းဇွန်မြို့။ | ၁၆၇၁ ဦး |
| ၅ | ၂၇.၄.၂၀၁၃ | ကော့သနောကျေးရွာ၊ကျိုက်မရောမြို့နယ်၊မွန်ပြည်နယ်။ | ၁၅၁ ဦး |
| ၆ | ၈.၆.၂၀၁၃ | နွားခမတောင်ရွာ၊အင်းလေး၊တောင်ကြီးမြို့။ | ၁၁၇၈ ဦး |
| ၇ | ၂၉.၆.၂၀၁၃ | သနပွင်ကျေးရွာ၊သန်လျင်မြို့နယ်၊ရန်ကုန်မြို့။ | ၂၉၃ ဦး |
| ၈ | ၂၈.၇.၂၀၁၃ | သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ | ၃၅၀ ဦး |
| ၉ | ၁.၉.၂၀၁၃ | ပဏ္ဍိတာရာမသီလရှင်စာသင်တိုက်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ | ၆၂ ဦး |
| ၁၀ | ၃.၁၁.၂၀၁၃ | ဒမ္မိကျေးရွာ၊ဟသာ်တမြို့နယ်၊ရန်ကုန်မြို့။ | ၈၂၄ ဦး |
| ၁၁ | ၈.၁၂.၂၀၁၃ | သဘာဝတရားရိပ်သာ၊ သန်လျင်မြို့နယ်၊ရန်ကုန်မြို့။ | ၄၆၈ ဦး |
| | | စုစုပေါင်း | ၅၄၀၄ ဦး |

## သက်ဆိုင်ရာဘာသာရပ်အလိုက်ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော လူနာဦးရေမှတ်တမ်း

| အထွေထွေ | ခွဲစိတ် | ကလေး | မီးယပ် | ဆီးနှင့် ကျောက်ကပ် | အရိုး/ အကြော | မျက်စိ | နား/ နှာခေါင်း | အရေပြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၃၁၄၉ ဦး | ၃၂ဦး | ၁၀၉ ဦး | ၁၀၇ ဦး | ၅၇ ဦး | ၃၈၉ ဦး | ၁၁၈၇ ဦး | ၁၉၆ ဦး | ၁၇၈ ဦး | ၅၄၀၄ ဦး |

# ပညာသင်ဆုရွေးချယ်ခြင်းအဆိုပြုပုံစံ

## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည် -----------------------------------------

မွေးသက္ကရာဇ် -----------------------------------------

လူမျိုး -----------------------------------------

ကိုးကွယ်သည့်ဘာသာ -----------------------------------------

မှတ်ပုံတင်အမှတ် -----------------------------------------

အဖအမည် -----------------------------------------

အလုပ်အကိုင် -----------------------------------------

အမိအမည် -----------------------------------------

အလုပ်အကိုင် -----------------------------------------

မောင်နှမမွေးချင်း -----------------------------------------

တက်ရောက်ခဲ့သောကျောင်းများ -----------------------------------------

(နှစ်အလိုက်ဖော်ပြရန်) -----------------------------------------

-----------------------------------------

တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို -----------------------------------------

အောင်မြင်ခဲ့သောကျောင်း -----------------------------------------

တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရဘာသာရပ်များ -----------------------------------------

-----------------------------------------

တက္ကသိုလ်ဝင်တန်းစုစုပေါင်းရမှတ် -----------------------------------------

ပညာရည်ချွန်ဆု/ လူရည်ချွန်ဆု ရရှိခြင်းရှိ/ မရှိ -----------------------------------------

အခြားတတ်ကျွမ်းသည့်ဘာသာရပ်များ -----------------------------------------

အခြားတက်ရောက်ဘူးသည့်သင်တန်း -----------------------------------------

(ရှိပါက Certificate နှင့်တကွပူးတွဲတင်ပြရန်) -----------------------------------------

-----------------------------------------

ယခုတက်ရောက်ခွင့်ရရှိသည့်တက္ကသိုလ် -----------------------------------------

ပညာသင်ဆုလျှောက်ထားရသည့်ရည်ရွယ်ချက် -----------------------------------------

-----------------------------------------

-----------------------------------------

-----------------------------------------

ဆက်သွယ်ရန်လိပ်စာ -----------------------------------------

-----------------------------------------

လက်မှတ် ----------------

လျှောက်ထားသူအမည် ----------------

# သဘောတူလိုက်နာရမည့် စည်းကမ်းချက်များ

ရက်စွဲ -------------

၁။ **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**မှချီးမြှင့်သော ပညာသင်ဆုအား မိမိသဘောအလျှောက် လိုလားစွာ လျှောက်ထားခြင်းဖြစ်ပါသည်။

၂။ **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**မှ အခါအားလျော်စွာထုတ်ပြန်ထားသော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ပါမည်။

၃။ မိမိတက်ရောက်ခွင့်ရရှိသည့်တက္ကသိုလ်တွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ထူးချွန်စွာအောင်မြင်အောင်ကြိုးစားပါမည်။

၄။ တက္ကသိုလ်မှချမှတ်ထားသော စည်းကမ်းများကို လိုက်နာပါမည်။

၅။ တက္ကသိုလ်မှချမှတ်ထားသော စည်းကမ်းများပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း၊အရေးယူခြင်းခံရလျှင်သော်လည်းကောင်း၊ စာမေးပွဲကျရှုံးခဲ့လျှင်သော်လည်းကောင်း **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**မှချီးမြှင့်ထားသော ပညာသင်ဆုအား ရပ်ဆိုင်းခြင်းခံရမည်။

၆။ မိမိ ရရှိထားသော ပညာသင်ဆုအား **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**၏ ခွင့်ပြုချက်မရပဲ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၇။ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးပါက **"အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"**၏ ကျန်းမာရေး၊ ပညာရေး၊လူမှုရေးဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါမည်။

မှတ်ချက်။ ။၁၀တန်းအမှတ်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူတို့အား ပူးတွဲတင်ပြအပ်ပါသည်။

အထက်ပါ အချက်များအား သိရှိ နားလည် လိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ---------------- | လက်မှတ် | ---------------- |
| မိဘ(သို့)အုပ်ထိန်းသူအမည် | ---------------- | လျှောက်ထားသူအမည် | ---------------- |
| မှတ်ပုံတင်အမှတ် | ---------------- | မှတ်ပုံတင်အမှတ် | ---------------- |
| နေရပ်လိပ်စာ | ---------------- | နေရပ်လိပ်စာ | ---------------- |
| | ---------------- | | ---------------- |

## "အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း"အဖွဲ့ဝင်များ၏သဘောထားမှတ်ချက်များ

အဖွဲ့ဝင်(၁) ----------------------------------------

----------------------------------------

အဖွဲ့ဝင်(၂) ----------------------------------------

----------------------------------------

အဖွဲ့ဝင်(၃) ----------------------------------------

----------------------------------------

# ဘဏ္ဍာရေးရှင်းတမ်းများ

နောက်ဆက်တွဲ(ဂ)

အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း(ရန်ကုန်ရုံး)

၂၀၁၃ ခုနှစ် ဇန်နဝါရီ လ (၁) ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လ (၃၁) ထိ

ငွေစာရင်းရှင်းတမ်း

| စဉ် | ပေးငွေများ | ကျပ် | ရငွေများ | ကျပ် |
|---|---|---|---|---|
| ၁ | ရန်ကင်းမြို့နယ်၊သုခိတာရာမသီလရှင်တိုက်သို့ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၃၂၀,၃၀၀ | စာရင်းဖွင့်လက်ကျန်ငွေ | ၂၀,၃၀၀,၉၀၀ |
| ၂ | တိုက်ကြီးမြို့နယ်၊လိမ္မော်စုကျေးရွာ၊မြစိမ်းတောင်တောရရိပ်သာသို့ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၂၉၄,၀၀၀ | အသင်းဝင်ကြေး | ၁,၀၂၀,၀၀၀ |
| ၃ | မွန်ပြည်နယ်၊ကျိုက်မရောမြို့နယ်၊ကော့သနောကျေးရွာသို့ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၂၈၂,၇၇၅ | ဘဏ်တိုးရငွေ | ၁,၆၇၄,၅၀၉ |
| ၄ | မေလကွင်းဆင်းဆေးကုသခြင်းအတွက် IMM Mandalay Branch သို့ ဒေါက်တာသိန်းထွန်းမှတစ်ဆင့်ထည့်ဝင်လှူဒါန်းငွေ | ၅၀၀,၀၀၀ | အလှူကောက်ခံရငွေ | ၅,၅၈၈,၀၀၀ |
| ၅ | သန်လျင်မြို့နယ်၊သနပွင်ကျေးရွာသို့ ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၁၆၁,၄၅၀ | အာစရိယပူဇော်ပွဲမှပိုငွေ | ၁၉၂,၀၀၀ |
| ၆ | မင်္ဂလာဒုံမြို့နယ်၊သဃ်န်းကျွန်းကြီးကျေးရွာသို့ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၁၈၄,၅၀၀ | | |
| ၇ | Foundation အပိုင် မော်တော်ကားပြုပြင်စရိတ် | ၃၄၇,၅၀၀ | | |
| ၈ | ရန်ကင်းမြို့နယ်၊သုခိတာရာမသီလရှင်တိုက်သို့ဒုတိယကြိမ်ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၂၇၈,၆၇၅ | | |
| ၉ | ECG စက်ဝယ် | ၁,၀၀၀,၀၀၀ | | |
| ၁၀ | ဟသ်ာတမြို့နယ်၊ဒမ္မိကျေးရွာသို့ ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၅၅၂,၇၀၀ | | |
| ၁၁ | ဟသ်ာတမြို့နယ်၊ဒမ္မိကျေးရွာသို့ ပြန်လည်လှူဒါန်းငွေ | ၃၀၀,၀၀၀ | | |
| ၁၂ | သန်လျင်မြို့နယ်၊သဘာဝတရားရိပ်သာသို့ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | ၄၇၇,၀၀၀ | | |
| ၁၃ | နှစ်ချုပ်ရှင်းတမ်းအတွက် စာရင်းစစ်ကုန်ကျငွေ | ၈၀,၀၀၀ | | |
| | စာရင်းပိတ်လက်ကျန်ငွေ | ၂၃,၉၉၆,၅၀၉ | | |
| | | ၂၈,၇၇၅,၄၀၉ | | ၂၈,၇၇၅,၄၀၉ |

ဒေါက်တာ တင်တင်အေး
တွဲဘက်ဘဏ္ဍာရေးမှူး

**Dr. Win Win Myint**
M.B.,B.S.,M.Sc (Nutrition-USA),
M.ADA (USA), M.SNDA (Singapore)
*(Nutrition Specialist)*
Sama-13878

အနန္တမြန်မာမေတ္တာဖောင်ဒေးရှင်း(ရန်ကုန်ရုံး)

၂၀၁၃ ခုနှစ် ဇန်နဝါရီ လ (၁) ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လ (၃၁) ထိ

ငွေစာရင်းစာအုပ်နှင့် ဘဏ်စာရင်း (ဝင်ငွေ၊ သုံးငွေစာရင်းရှင်းတမ်း)

| စဉ် | ရက်စွဲ | ဘောက်ချာ နံပါတ် | အကြောင်းအရာ | ငွေစာရင်းနှင့်ဘဏ်စာရင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ဝင်ငွေ | သုံးငွေ | လက်ကျန် | |
| | | | စာရင်းဖွင့်လက်ကျန်ငွေ–ငွေသား နှင့်ဘဏ် | | | ၂၀,၃၀၀,၉၀၀ | |
| ၁ | | ၀၁၃၅ | ဒေါက်တာဝင်းဝင်းမြင့် နှစ်စဉ်ကြေး+အလှူငွေ | ၁၀၀,၀၀၀ | – | ၂၀,၄၀၀,၉၀၀ | |
| ၂ | | ၀၁၃၆ | ဒေါက်တာစိုင်းကျော်ဟန် | ၆၀,၀၀၀ | – | ၂၀,၄၆၀,၉၀၀ | |
| ၃ | | ၀၁၃၇ | ဒေါက်တာမြင့်အောင် (82 Batch) | ၆၀,၀၀၀ | – | ၂၀,၅၂၀,၉၀၀ | |
| ၄ | | ၀၁၃၈ | ဒေါက်တာတင်တင်အေး | ၆၀,၀၀၀ | – | ၂၀,၅၈၀,၉၀၀ | |
| ၅ | | ၀၁၃၉ | ဒေါက်တာဇော်မြင့် နှစ်စဉ်ကြေး+အလှူငွေ | ၁၀၀,၀၀၀ | – | ၂၀,၆၈၀,၉၀၀ | |
| ၆ | | ၀၁၄၀ | ဒေါက်တာစန်းစန်းဝင်း(ရှားရှား)နှစ်စဉ်ကြေး+အလှူငွေ | ၁၀၀,၀၀၀ | – | ၂၀,၇၈၀,၉၀၀ | |
| ၇ | | ၀၁၄၁ | ဒေါက်တာကျော်ဝင်းမော် နှစ်စဉ်ကြေး+အလှူငွေ | ၉၀,၀၀၀ | – | ၂၀,၈၇၀,၉၀၀ | |
| ၈ | | ၀၁၄၂ | SCG Cement Co.,Ltd (Bangkok) မှ US$ ၆၀၀ လှူသည်။ | ၅၅၄,၀၀၀ | – | ၂၁,၄၂၄,၉၀၀ | |
| ၉ | | ၀၁၄၃ | ဒေါက်တာဝင်းသိန်း+ဒေါက်တာအုန်းအုန်းကြည် | ၆၀,၀၀၀ | – | ၂၁,၄၈၄,၉၀၀ | |
| ၁၀ | | ၀၁၄၄ | ဒေါက်တာလားဒိန်းလျှံနော နှစ်စဉ်ကြေး+အလှူငွေ | ၁၀၀,၀၀၀ | – | ၂၁,၅၈၄,၉၀၀ | |
| ၁၁ | | ၀၁၄၅ | ဒေါက်တာစန်းစန်းဝင်း(ကောလင်း) | ၆၀,၀၀၀ | – | ၂၁,၆၄၄,၉၀၀ | |
| ၁၂ | | ၀၁၄၆ | ဒေါက်တာထက်မြက် နှစ်စဉ်ကြေး+အလှူငွေ | ၁၀၀,၀၀၀ | – | ၂၁,၇၄၄,၉၀၀ | |
| ၁၃ | | ၀၁၄၇ | ဒေါက်တာသက်သက်ခိုင် | ၆၀,၀၀၀ | – | ၂၁,၈၀၄,၉၀၀ | |
| ၁၄ | | ၀၁၄၈ | ဒေါက်တာခင်စန်းလင်း | ၆၀,၀၀၀ | – | ၂၁,၈၆၄,၉၀၀ | |
| ၁၅ | | ၀၁၄၉ | ဦးကျော်ဝင်း+ဒေါက်တာတင်တင်အေး | ၁,၀၀၀,၀၀၀ | – | ၂၂,၈၆၄,၉၀၀ | |
| ၁၆ | | ၀၁၅၀ | အာစရိယပူဇော်ပွဲမှပိုငွေ | ၁၉၂,၀၀၀ | – | ၂၃,၀၆၀,၉၀၀ | ဆရာတစ်ဦးလိပ်စာရှာမတွေ့၍ |
| ၁၇ | | ၀၁၅၁ | ဒေါက်တာစန်းမြတ်သွယ် | ၆၀,၀၀၀ | – | ၂၃,၁၂၀,၉၀၀ | |
| ၁၈ | | ၀၁၅၂ | ဒေါက်တာခင်စန်းလင်း | ၃၀၀,၀၀၀ | – | ၂၃,၄၂၀,၉၀၀ | |
| ၁၉ | | ၀၁၅၃ | ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်ခိုင် | ၂,၀၀၀,၀၀၀ | – | ၂၅,၄၂၀,၉၀၀ | |
| ၂၀ | | ၀၁၅၄ | Mr.Adrian+Cindy , မစိုးစိုးခိုင် S$100 | – | – | ၂၅,၄၂၀,၉၀၀ | |
| ၂၁ | | ၀၁၅၅ | ဒေါက်တာဘီဒေါင်ဟောင်း | ၆၀,၀၀၀ | – | ၂၅,၄၈၀,၉၀၀ | |
| ၂၂ | | ၀၁၅၆ | ဒေါက်တာဘီဒေါင်ဟောင်း | ၅၀၀,၀၀၀ | – | ၂၅,၉၈၀,၉၀၀ | |
| ၂၃ | | ၀၁၅၇ | ဒေါက်တာထွန်းထွန်း | ၆၀,၀၀၀ | – | ၂၆,၀၄၀,၉၀၀ | |
| ၂၄ | | ၀၁၅၈ | မသက်ရတနာကျော်ဝင်း မွေးနေ့အလှူငွေ | ၅၀၀,၀၀၀ | – | ၂၆,၅၄၀,၉၀၀ | |
| ၂၅ | | ၀၁၅၉ | ဗောဓိရိပ်ငြိမ်ဆရာတော်(ဒမ္မီကျေးရွာ) | ၂၀၀,၀၀၀ | – | ၂၆,၇၄၀,၉၀၀ | |
| ၂၆ | | ၀၁၆၀ | ဗောဓိရိပ်ငြိမ်ဆရာတော်၏ညီမ(ဒမ္မီကျေးရွာ) | ၃၀၀,၀၀၀ | – | ၂၇,၀၄၀,၉၀၀ | |
| ၂၇ | | ၀၁၆၁ | ဒေါက်တာတိုးတိုး | ၆၀,၀၀၀ | – | ၂၇,၁၀၀,၉၀၀ | |

| စဉ် | ရက်စွဲ | ဘောက်ချာ နံပါတ် | အကြောင်းအရာ | ငွေစာရင်းနှင့်ဘဏ်စာရင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ဝင်ငွေ | သုံးငွေ | လက်ကျန် | |
| ၂၈ | | | ဘဏ်တိုးရရှိငွေ(၇.၂.၂၀၂၃) | ၄၀၃,၇၆၃ | | ၂၇,၅၀၄,၆၆၃ | |
| ၂၉ | | | ဘဏ်တိုးရရှိငွေ(၂၉.၃.၂၀၂၃) | ၄၀၃,၀၈၀ | – | ၂၇,၉၀၇,၇၄၃ | |
| ၃၀ | | | ဘဏ်တိုးရရှိငွေ(၁၀.၁၀.၂၀၂၃) | ၈၆၇,၆၆၆ | – | ၂၈,၇၇၅,၄၀၉ | |
| ၃၁ | ၂၇.၁.၂၀၂၃ | | ရန်ကင်းမြို့နယ်၊သုခိတာရာမသီလရှင်တိုက်သို့ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | – | ၃၂၀,၃၀၀ | ၂၈,၄၅၅,၁၀၉ | |
| ၃၂ | ၂၄.၂.၂၀၂၃ | | တိုက်ကြီးမြို့နယ်၊လိမ္မော်စုကျေးရွာ၊မြစိမ်းတောင်တောရရိပ်သာသို့ကွင်းဆင်းဆေးကုသမှု ကုန်ကျငွေ | – | ၂၉၄,၀၀၀ | ၂၈,၁၆၁,၁၀၉ | |
| ၃၃ | ၂၇.၄.၂၀၂၃ | | မွန်ပြည်နယ်၊ကျိုက်မရောမြို့နယ်၊ကော့သနောကျေးရွာသို့ကွင်းဆင်းဆေးကုသမှုကုန် | – | ၂၈၂,၇၇၅ | ၂၇,၈၇၈,၃၃၄ | |
| ၃၄ | ၁၉.၅.၂၀၂၃ | | မေလကွင်းဆင်းဆေးကုသခြင်းအတွက် IMM Mandalay Branch သို့ ဒေါက်တာသိန်းထွန်းမှတစ်ဆင့်ထည့်ဝင်လှူဒါန်းငွေ | – | ၅၀၀,၀၀၀ | ၂၇,၃၇၈,၃၃၄ | |
| ၃၅ | ၂၉.၆.၂၀၂၃ | | သန်လျင်မြို့နယ်၊သနပ္ပင်ကျေးရွာသို့ ကွင်းဆင်းဆေးကုသမှုကုန်ကျငွေ | – | ၁၆၁,၄၅၀ | ၂၇,၂၁၆,၈၈၄ | |
